KBZ BANK
STRENGTH OF MYANMAR




## စုပွားဆိုတာ

စုပွားသည် သာမန်ငွေစု စာအုပ်များထက် အတိုးနှုန်းပိုမိုရရှိစေမည့် ငွေစုပုံစံတစ်မျိုးဖြစ်ပါသည်။ စုပွား၏ ရည်ရွယ်ရင်းမှာ နောင်ရေးအတွက် ပိုမိုနိုင်မာသောအနာဂတ်များကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရန်အတွက် ဖြစ်ပါသည်။ စုပွားဖြင့် သား၊သမီးများ၏ပညာရေးအသုံးစရိတ်၊ တန်ဖိုးကြီးလက်ဆောင်ပစ္စည်းဝယ်ယူရန်၊ အလည်အပတ်ခရီးစဉ်၊ ကား(သို့)အိမ်ဝယ်ရန်၊ အလှူမင်္ဂလာဆောင်အခမ်းအနားများကျင်းပဆောင်ရွက်ရန်နှင့် အခြားအခြားသော ရည်ရွယ်ချက်ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်မှအထူးဝန်ဆောင်မှုပေးထားသည့် စုငွေတစ်မျိုးဖြစ်ပါသည်။

## ငွေစုပုံစံ (၂)မျိုး

စုပွားဖြင့် ငွေစုလိုသော Customer များအနေဖြင့် လစဉ်ပုံမှန်ငွေစုဆောင်းသော Regular Type နှင့် ၁နှစ်၊ ၂နှစ်၊ ၃နှစ် အစီအစဉ်များဖြင့် ကာလရည်မှန်းချက်ထား၍ စုဆောင်းသော Target Type ဟူ၍ပုံစံ (၂)မျိုး ရွေးချယ်စုဆောင်းနိုင်ပါသည်။

## အတိုးခံစားခွင့်

- လစဉ်ပုံမှန် (၁)နှစ် တိတိ စုဆောင်းလျှင် ➡ ၄.၂၅%
- လစဉ်ပုံမှန် (၂)နှစ် တိတိ စုဆောင်းလျှင် ➡ ၄.၅၀%
- လစဉ်ပုံမှန် (၃)နှစ် တိတိ စုဆောင်းလျှင် ➡ ၁၀%

→ အတိုး အရင်းပေါင်းထည့်၍ လစဉ် ပုံမှန်တွက်ချက်ပေးခြင်း

## ဥပမာအားဖြင့်

| ရည်မှန်းထားသော ငွေပမာဏ | လစဉ်ပုံမှန်စုရမည့်ငွေပမာဏ (၁နှစ်) | လစဉ်ပုံမှန်စုရမည့်ငွေပမာဏ (၂နှစ်) | လစဉ်ပုံမှန်စုရမည့်ငွေပမာဏ (၃နှစ်) |
|---|---|---|---|
| 5,000,000Kyats | 400,000Kyats | 190,000Kyats | 120,000Kyats |

| လစဉ်စုရမည့် ငွေပမာဏ | ၁နှစ်ပြည့်လျှင် ရှိမည့်ငွေပမာဏ | ၂နှစ်ပြည့်လျှင် ရှိမည့်ငွေပမာဏ | ၃နှစ်ပြည့်လျှင် ရှိမည့်ငွေပမာဏ |
|---|---|---|---|
| 30,000Kyats | 375,662Kyats | 789,519Kyats | 1,253,455Kyats |

## အကျိုးကျေးဇူးများ

လစဉ်အတိုးတွက်ချက်မှုများတွင် **အတိုး အရင်းပေါင်းထည့်၍ လစဉ်ပုံမှန်တွက်ချက်ပေးခြင်း။** အကြောင်းအမျိုးမျိုး ကြောင့် ငွေစုဆောင်းမှုရပ်တန့်သွားခဲ့သည်ရှိသော် အတိုးခံစားခွင့်နစ်နာမှုမရှိစေရန်စီစဉ်ဆောင်ရွက်ပေးထားခြင်း။

## စုပွား(စာရင်း)ဖွင့်မည်ဆိုလျှင်

ပုံမှန်ဝင်ငွေရှိသော မည်သူမဆို စာရင်းဖွင့်မည်ဆိုပါက မိမိကိုယ်တိုင် ကမ္ဘောဇဘဏ်သို့ သွားရောက်ရန်လိုအပ်ပြီး မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် (သို့) အီးမေးလ်လိပ်စာတို့ရှိရပါမည်။

## သတ်မှတ်ရက်ထက်ကျော်လွန်သွားပါက

စုပွားသည် လစဉ်ပုံမှန်ငွေသွင်းရသော စုငွေပုံစံဖြစ်တာကြောင့် အကြောင်းအမျိုးမျိုးကြောင့် ငွေသွင်းစုဆောင်းရမည့်ရက်ကျော်လွန်သွားပါက Grace Period 5 working Days ဆက်လက်စောင့်ဆိုင်းပေးမည်ဖြစ်သော်လည်း ထို (၅)ရက်ကျော်လွန်သွားပါက စုပွား စာရင်းပိတ်သွားမည်ဖြစ်ပြီး စုဆောင်းခဲ့သည့်ကာလအတွက် ငွေစုဘဏ် စာရင်းစည်းမျဉ်းစည်းကမ်းအတိုင်း ၈.၂၅%ဖြင့်တွက်ချက်၍ အရင်းနှင့်အတိုးငွေများကို ချိတ်ဆက်ထားသည့် စာရင်းထဲသို့ အရောက်ပေးသွင်းသွားပါမည်။

